# သေတမ်းစာများ စီမံ ဆောင်ရွက်မည့်သူများ

## အကြောင်း ဆွေးနွေးရအောင်

စီမံဆောင်ရွက်မည့်သူ၏ လုပ်ငန်းများအကြောင်း လေ့လာရန် သို့မဟုတ် ရက်ချိန်းတစ်ခုရယူရန် အတွက် သင့်အနေဖြင့် -

1300 360 044

www.pt.qld.gov.au

## စီမံဆောင်ရွက်မည့်သူသည် မည်သူဖြစ်ပါသလဲ။

စီမံဆောင်ရွက်မည့်သူဆိုသည်မှာ သင့် သေတမ်းစာထဲတွင် ပါဝင်သည့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ပြီး သင့် အမွေဥစ္စာများဟု ခေါ်တွင်သည့် သင့် ဥစ္စာပစ္စည်း သို့မဟုတ် ပိုင်ဆိုင်မှုများကို ခွဲဝေပေးရန် သင်က တာဝန်ပေးအပ်ထားသူ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါသည်။

## စီမံဆောင်ရွက်မည့်သူက ဘာလုပ်ရန် လိုအပ်သနည်း။

စီမံဆောင်ရွက်မည့်သူသည် *1981 ခုနှစ် အမွေစားအမွေခံဆိုင်ရာ အက်ဥပဒေ Succession Act 1981* တွင် သတ်မှတ် ပါရှိသည့်အတိုင်း အမွေဥစ္စာများကို ခွဲဝေဆောင်ရွက်သည့် အရေးကြီးသော တာဝန်ဝတ္တရားများ မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**ယင်းတို့တွင် အမွေဥစ္စာများပေါ်မူတည်ပြီး အမျိုးမျိုး ကွဲပြား ခြားနားနိုင်ပါသည်၊ သို့သော် ပါဝင်ကောင်း ပါဝင်နိုင်သည်များမှာ-**

- ☐ ကွယ်လွန်သူ၏ သေတမ်းစာထဲတွင် ဖော်ပြထားသည့် ဆန္ဒများသည် ဖြည့်ဆီးပေးဖြစ်ကြောင်း သေချာစေရန်
- ☐ ဝန်ဆောင်မှုပေးသူများ၊ အကျိုးခံစားခွင့်ရှိသူများနှင့် လူမှုဖူလုံရေး အပါအဝင် သက်ဆိုင်သူများကို အကြောင်းကြားခြင်း
- ☐ ကွင်းစလန်ပြည်နယ် တရားရုံးချုပ် (The Supreme Court of Queensland) ထံမှ သေတမ်းစာ အတည်ပြုလက်မှတ် (Probate) (၎င်းသည် အမွေဥစ္စာများကို တရားဝင် ရပိုင်ခွင့် တောင်းနိုင်သည်) ရယူခြင်း
- ☐ ရပိုင်ခွင့်ရှိသည်များကို မှန်ကန်ကြောင်း စစ်ဆေးအတည်ပြုခြင်းနှင့် ကာကွယ်ခြင်း
- ☐ ရပိုင်ခွင့်ရှိသည်များမှာ အပြည့်အဝ အာမခံထားရှိကြောင်း စစ်ဆေး အတည်ပြုခြင်း
- ☐ အဖိုးတန်ပစ္စည်းများနှင့် ဝင်ငွေကို ပြန်လည် စုဆောင်းခြင်း
- ☐ ရရန်ရှိသည်များနှင့် ပေးဆပ်ရန်ရှိသည်များကို စစ်ဆေးခြင်း
- ☐ ဝင်ငွေခွန်ဆိုင်ရာ ကြေညာလွှာများ ပြင်ဆင်ခြင်း
- ☐ ဝင်ငွေခွန် ဆောင်ပြီးကြောင်း လက်မှတ်များအတွက် ဆောင်ရွက်ခြင်း
- ☐ ငွေကြေးဆိုင်ရာ ရှင်းတမ်းများ ပြင်ဆင်ခြင်း တို့ဖြစ်ပါသည်။

စီမံဆောင်ရွက်မည့်သူတစ်ဦး၏ တာဝန်ဝတ္တရားများသည် အမွေပစ္စည်းကို ခွဲဝေပေးခြင်းဖြင့် အမြဲတန်း ပြီးဆုံးတတ်သည်မဟုတ်ပါ။ အချို့သောကိစ္စများတွင် စီမံဆောင်ရွက်မည့်သူသည် သေတမ်းစာအရ ခန့်အပ်ခြင်း (Testamentary) သို့မဟုတ် အရွယ်မရောက်သေးသူအတွက် ယုံကြည်စွာ အပ်နှံပေးထားခြင်း (Minors Trust) တို့ထဲမှ ပိုင်ဆိုင်မှု သို့မဟုတ် ရရန်ရှိသည်များကို စဉ်ဆက်မပြတ် ထိန်သိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

## ကျွန်ုပ်က စီမံဆောင်ရွက်မည့်သူကို ရွေးချယ်ရာတွင် မည်သည့်အချက်များကို ထည့်သွင်း စဉ်းစားရမည်နည်း။

ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရန်အတွက် သင်ယုံကြည်စိတ်ချရသည့် စီမံဆောင်ရွက်မည့်သူကို ရွေးချယ်ရန် အလွန် အရေးကြီးပါသည်။ သင့်အနေနှင့် အမွေပစ္စည်းကို အတူတကွ စီမံခန့်ခွဲသည့် စီမံဆောင်ရွက်မည့်သူ တစ်ဦးထက်ပိုပြီး ရွေးချယ်နိုင်ပါသည်။

**ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အချက်များထဲတွင် ပါဝင်သော အချက်အချို့မှာ -**

- အမွေပစ္စည်းကို စီမံဆောင်ရွက်မည့်သူအနေနှင့် ဥပဒေရေးရာအရ လိုအပ်ချက်များ၊ အခွန်ဆိုင်ရာ ဗဟုသုတနှင့် စီးပွားရေးလုပ်ငန် အတွေ့အကြုံ စသည့် လိုအပ်ချက်များအတွက် ကျွမ်းကျင်မှု ရှိပါသလား။
- အကယ်၍သင်က မိသားစုဝင်တစ်ဦးကို တာဝန်ပေးပါက သူ့အနေနှင့် ယခုလို ပူဆွေးသောကရောက်ချိန်နှင့် ဆုံးရှုံးရချိန်တို့တွင် အပိုဆောင်း ဝန်ထုပ်ဝန်ပိုးကို ခံနိုင်ပါ့မည်လား။
- အရွယ်မရောက်သေးသူများ သို့မဟုတ် သေတမ်းစာအရ အမွေခံ ခန့်အပ်ခြင်းများ လိုအပ်လာပါက သင့် အမွေပစ္စည်းကို စီမံ ဆောင်ရွက်မည့်သူအနေနှင့် ယုံကြည်စွာ လွှဲအပ်ခံရသူအဖြစ် လုပ်ဆောင်နိုင်စွမ်း ရှိပါမည်လား။
- အမွေပစ္စည်းကို စီမံဆောင်ရွက်မည့် သင့်ပုဂ္ဂိုလ်အနေနှင့် ထိုအမွေပစ္စည်းကို စီမံဆောင်ရွက်လိုစိတ်နှင့် စီမံဆောင်ရွက်နိုင်စွမ်း ရှိပါမည်လား - ထို့အပြင် လိုအပ်လာပါကလည်း သူရှိနေမည်လား။
- သင့် အမွေပစ္စည်းကို စီမံဆောင်ရွက်မည့်သူအနေနှင့် အမွေခံများအတွင်း သဘောထားကွဲလွဲမှုများ ရှိလာပါကဖြေရှင်းနိုင်စွမ်း ရှိပါမည်လား။
- သင် ရွေးချယ်သော အမွေပစ္စည်းကို စီမံ ဆောင်ရွက်မည့်သူသည် အမွေခံများအတွင်း သဘောထားကွဲလွဲမှုများ ရှိလာစေမည်လား။

QPT QUEENSLAND PUBLIC TRUSTEE

## အမွေပစ္စည်းကို စီမံဆောင်ရွက်ရန် အချိန်မည်မျှ ကြာနိုင်သနည်း။

တရားဥပဒေက အမွေပစ္စည်းများသည် အမွေတောင်းဆိုသူများ တောင်းဆိုချက်များ တင်ပြရန် သို့မဟုတ် သူတို့၏ တောင်းဆိုချက်များ ရှိပါက ယင်းတို့ကို အသိပေး ကြေငြာရန်အတွက် ကွယ်လွန်သည်နေ့ရက်မှစ၍ ခြောက်လတိတိ ခွဲဝေခြင်းမပြုရန် ပြဋ္ဌာန်း ထားသည်။ ရရန်ရှိသည်များထဲမှ ရောင်းချရန်ရှိခဲ့လျှင် သို့မဟုတ် အခွန်ဆောင်ရန် ဥပဒေအရ တာဝန်ရှိခြင်းလို ရှုပ်ထွေးမှု တစ်ခုခု ရှိခဲ့လျှင် သို့မဟုတ် ထို အမွေပစ္စည်းတွင် ရသင့်ရထိုက်ကြောင်း တောင်းဆိုချက် တစ်ခုခု သို့မဟုတ် အငြင်းပွားမှု တစ်ခုခု ရှိနေခဲ့လျှင် ထိုအချိန်သည် ပိုမို ကြာမြင့်နိုင်ပါသည်။ အမွေပစ္စည်းကို စီမံဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် About deceased estates တွင် ကြည့်ပါ သို့မဟုတ် သင့်ဖုန်းမှ ကင်မရာကို QR ကုဒ်ပေါ်တွင် အပေါ်စည်းမှ ချိန်ကြည့်ပါ။

## ကျွန်ုပ်က အမွေပစ္စည်းကို စီမံဆောင်ရွက်မည့်သူအဖြစ် ဆောင်ရွက်ရန် အကူအညီ ရနိုင်ပါသလား။

**အမွေခံပစ္စည်းအား စီမံဆောင်ရွက်ရေးအတွက် များစွာသော အချက်အလက်များကြောင့် သင် အကူအညီ လိုအပ်နိုင်ပါသည်။ ၎င်းတို့တွင် အချို့ပါဝင်နိုင်သည်-**

- အကယ်၍ သင်သည် အခြားပြည်နယ်တွင် သို့မဟုတ် ပြည်ပတွင် နေထိုင်နေခဲ့လျှင်
- များစွာသော လိုအပ်ချက်များအတွက် အချိန်ပေးရန် မလုံလောက်ခြင်း
- တွေ့ကြုံရမည့် အခက်အခဲ အန္တရာယ်များအတွက် စိတ်ပူပန်ခြင်း

အကယ်၍ သင့်ကို တာဝန်ပေးခံရပြီး သင်ကလည်း တစ်ယောက်ယောက်ကို သင့် စီမံဆောင်ရွက်မည့်သူအဖြစ် ကူညီဆောင်ရွက်ပေးစေလိုပါက သင့်အနေနှင့် သင့်ဒေသခံ ရှေ့နေ သို့မဟုတ် ကွင်းစလန်ပြည်နယ် အများပြည်သူ၏ ယုံကြည်အပ်နှင်းခြင်းခံရသည့်အဖွဲ့ကို ဆက်သွယ်နိုင်ပါသည်။.

## စီမံဆောင်ရွက်မည့်သူသည် တရားဥပဒေအရ တာဝန်ရှိနိုင်ပါသလား။

**စီမံဆောင်ရွက်မည့်သူသည် အမွေပစ္စည်းကို 1981 ခုနှစ် အမွေစားအမွေခံများဆိုင်ရာ အက်ဥပဒေ *Succession Act 1981* နှင့်အညီ ခွဲဝေရပြီး အကယ်၍ တစ်ခုခု မှားယွင်းမှုများ ရှိခဲ့ပါက တရားဥပဒေအရ တာဝန်ရှိပါသည်။**

ဥပမာအားဖြင့်၊ အကယ်၍ ပိုင်ဆိုင်မှုများ သို့မဟုတ် ရရန်ရှိသည်များသည် ပျက်စီးနေပြီး သင့်လျော်လုံလောက်သလိုလည်း အာမခံ မထားခဲ့လျှင် စီမံဆောင်ရွက်သူသည် ဆုံးရှုံးမှုအတွက် ကိုယ်တိုင် တာဝန်ရှိပါသည်။

## သင်က စီမံဆောင်ရွက်မည့်သူအဖြစ် မလုပ်ချင်ပါက ဘာဖြစ်မည်နည်း။

**သင့်ကို စီမံဆောင်ရွက်မည့်သူအဖြစ် အမည်သတ်မှတ်ခြင်းက သင် လက်ခံဆောင်ရွက်ရမည်ဟု မဆိုလိုပါ – ထို့အပြင် မည်သည့် တရားဥပဒေကမှလည်း သင် လက်ခံဆောင်ရွက်ရမည်ဟု သတ်မှတ်မထားပါ။**

အကယ်၍ သင့်ကို စီမံဆောင်ရွက်မည့်သူအဖြစ် အမည်သတ်မှတ်ခြင်း ပြုသော်လည်း သင့်မှာ အချိန်မပေးနိုင်ခြင်း သို့မဟုတ် လုပ်ဆောင်နိုင်သည့် အရည်အချင်း မရှိခြင်း ဖြစ်နေပါက သင်သည် ထိုတာဝန်ပေးချက်ကို ငြင်းဆိုနိုင်ပါသည်။ အဓိပ္ပါယ်မှာ သင်သည် စီမံဆောင်ရွက်မည့်သူအဖြစ် အမည်သတ်မှတ် တာဝန်ပေးခြင်းအပြင် သေတမ်းစာ အတည်ပြုချက်ကို တောင်းခံနိုင်သည့် အခွင့်အရေးကိုပါ စွန့်လွှတ်သည်ဟု ဆိုလိုပါသည်။ ၎င်းကို သာမန်အားဖြင့် 'သေတမ်းစာ အတည်ပြုသည်ကို စွန့်လွှတ်ခြင်း' ဟု ခေါ်ပါသည်။

## သေတမ်းစာ အတည်ပြုချက်ကို ခွင့်ပြုခြင်း ဆိုသည်မှာ အဘယ်နည်း။

သေတမ်းစာ အတည်ပြုချက်ကို ခွင့်ပြုခြင်း ဆိုသည်မှာ ထိုသေတမ်းစာသည် လျှောက်ထားသူကို ခွင့်ပြုချက်မချမှတ်မီ နောက်ဆုံးပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး သေတမ်းစာတွင် ပါသည့် ညွှန်ကြားချက်များအရ အမွေခံပစ္စည်းကို အုပ်ချုပ်စီမံ ဆောင်ရွက်ခြင်းနှင့် ခွဲဝေပေးခြင်း မပြုလုပ်မီ ခွင့်ပြုခြင်း ဖြစ်ပါသည်။ အကယ်၍ အမွေခံပစ္စည်းသည် သေးငယ်ခြင်း၊ ပမာဏနည်းခြင်း ဖြစ်ခဲ့လျှင် ၎င်းကို မလိုအပ်ပါ။

ကွင်းစလန်ပြည်နယ်တွင် သေတမ်းစာများနှင့် အမွေခံပစ္စည်းများ လျှောက်ထားခြင်း (သေတမ်းစာအတည်ပြုခြင်း) ဆိုင်ရာ တရားရုံးချုပ်၏ မှတ်ပုံတင်ရုံး (Wills and Estates (Probate) Registry of the Supreme Court) မှ သေတမ်းစာ အတည်ပြုသည့် ခွင့်ပြုချက် ရယူရန်အတွက် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ထားပါသည်။

**ကွင်းစလန်ပြည်နယ် တရားရုံးများ – သေတမ်းစာများနှင့် အမွေခံပစ္စည်းများ (Queensland Courts — Wills and estates)**

## ကျွန်ုပ်က ကျွန်ုပ်၏ စီမံဆောင်ရွက်မည့်သူအဖြစ်ကို မည်သည့်နည်းနှင့် စွန့်လွှတ်ရမည်နည်း။

စီမံဆောင်ရွက်မည့်သူအဖြစ် သို့မဟုတ် သေတမ်းစာ အတည်ပြုခြင်းကို စွန့်လွှတ်ခြင်းသည် သင်က သေတမ်းစာတွင်ပါဝင်သည့် စီမံဆောင်ရွက်မည့်သူအဖြစ် ဆောင်ရွက်ခွင့်ပြုရန် ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ကို စွန့်လွှတ်သည်ဟု ဆိုလိုပါသည်။ အကောင်းဆုံးမှာ ၎င်းကို သေတမ်းစာကို အုပ်ချုပ်စီမံ ဆောင်ရွက်ခြင်းမပြုမီ ပြုလုပ်ခြင်း ဖြစ်ပါသည်။

သေတမ်းစာများနှင့် သေတမ်းစာ အတည်ပြုခြင်းကို စွန့်လွှတ်ခြင်းဆိုင်ရာ တရားရုံးမှ ပုံစံများကို ဤနေရာတွင် တွေ့နိုင်ပါသည် -

**သေတမ်းစာများနှင့် သေတမ်းစာ အတည်ပြုခြင်းကို စွန့်လွှတ်ခြင်းဆိုင်ရာ တရားရုံးမှ ပုံစံများ (Wills and Probate Court renunciation forms)**